**Product Data Uploading Service လျှောက်လွှာ**

(GMM-009-07/2025)

## အရေးကြီးအချက်အလက်များကိုသေချာစွာဖတ်ရှုပေးပါရန်

- GS1 Myanmar ၏ Product Data Uploading Service လျှောက်ထားသည့်လုပ်ငန်းများအနေဖြင့် GS1 Myanmar မှချမှတ်ထားသည့် ပူးတွဲပါ စည်းကမ်းချက်များအား ဖတ်ရှု၍ လိုအပ်သည့်နေရာတိုင်းတွင် လက်မှတ် ရေးထိုးပေးရမည်။

## အပိုင်း(၁) : လုပ်ငန်းအချက်အလက်များ

ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းအမည်(အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်)

_______________________________________________

လုပ်ငန်းလိပ်စာ (အပြည့်အစုံ) _______________________________________________

_______________________________________________

လုပ်ငန်းသုံးဖုန်းနံပါတ်____________________________လုပ်ငန်းသုံးအီးမေးလ်___________________________________

## အပိုင်း (၂): ဆက်သွယ်ရန်ပုဂ္ဂိုလ်အချက်အလက်များ

**အဓိကဆက်သွယ်ရမည့် ပုဂ္ဂိုလ်သည် Product Data Uploading Service လျှောက်ထားသုံးစွဲမှုအား ဆောင်ရွက်ရန် လုပ်ငန်းမှ တာဝန်လွှဲအပ်ထားသူအမည်အား ထည့်သွင်းရမည်။**

အဓိကဆက်သွယ်ရမည့်သူအမည် _______________________________၊ ဖုန်း ___________________________

ရာထူး ___________________________________________၊ Email ___________________________________

**Product Data များအား စီမံခန့်ခွဲရန် အခွင့်အာဏာရှိသူသည် လုပ်ငန်းပိုင်ရှင် (သို့မဟုတ်) ဝန်ထမ်းဖြစ်ပါက Product data များနှင့် ပတ်သက်၍ စီမံခန့်ခွဲရန် လုပ်ငန်းမှ တာဝန်ပေးအပ်ထားသူဖြစ်ရမည်။**

တာဝန်ခံပုဂ္ဂိုလ်အမည် :___________________________ ၊ ဖုန်း___________________________________

ရာထူး ________________________________________၊ Email ___________________________________

**ဝန်ဆောင်မှုငွေတောင်းခံလွှာအား ငွေစာရင်းကိစ္စများ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်ထံသို့သာ ပေးပို့ဆက်သွယ်မည်ဖြစ်သည်။**

ငွေစာရင်းကိစ္စများဆက်သွယ်ရန် ပုဂ္ဂိုလ်အမည် :___________________________ ၊ ဖုန်း_______________________

ရာထူး ________________________________________၊ Email ___________________________________

## အပိုင်း (၃): ထုတ်ယူမည့် GTINs အရေအတွက်အားရွေးချယ်ရန်

- လုပ်ငန်းမှ ထုတ်ယူလိုသည့် GTIN အရေအတွက်ကိုသာရွေးချယ်ရန်ဖြစ်သည်။ GS1 Company Prefix တွင် လျှောက်ထားခဲ့သည့် GTIN အရေအတွက်နှင့် မသက်ဆိုင်ပါ။ ဥပမာ - လုပ်ငန်းအနေဖြင့် 50 GTINs လျှောက်ထားခဲ့သော်လည်း ယခုလက်ရှိတွင် ကုန်ပစ္စည်း (၁၀) ခုခန့်သာထုတ်ယူလိုပါက 10 GTINs အား ရွေးချယ်ရန်ဖြစ်သည်။

- ဤဝန်ဆောင်မှုအတွက် အသင်းဝင်မှ ရွေးချယ်ထားသော GTINs အရေအတွက်အတိုင်း ကုန်ပစ္စည်းအချက်အလက်များကို ဝန်ဆောင်မှုစတင်အပ်နှံသည့်နေ့ရက်မှစ၍ အစိုးရရုံးပိတ်ရက်များအပါ ရက်ပေါင်း (၃၀) အတွင်း အပြီးသတ်ပေးပို့ရမည်။
- စုစုပေါင်း GTIN အရေအတွက် အောက်တွင် GTINs 13 နှင့် 14 ပါ ပေါင်း၍ ထုတ်နိုင်သည်။ ဥပမာ- 10 GTINs ဝန်ဆောင်မှု ယူရန်လျှောက်ထားပါက ၎င်းအောက်တွင် GTIN-13 (5) ခုနှင့် GTIN-14 (5) ခု စုစုပေါင်း GTINs အရေအတွက် (၁၀) ခု ထုတ်ယူနိုင်သည်။

**ငွေကြေး-မြန်မာကျပ်**

| GTINs-13/14 | GTIN တခုဈေးနှုန်း | စုစုပေါင်းဈေးနှုန်း | ကုန်သွယ်လုပ်ငန်းခွန် ၅% | စုစုပေါင်းအခွန်အပါ ဈေးနှုန်း | ရွေးချယ်ရန် (✓) |
|---|---|---|---|---|---|
| ၁၀ | ၅,၀၀၀ | ၅၀,၀၀၀ | ၂,၅၀၀ | ၅၂,၅၀၀ | |
| ၅၀ | ၄,၀၀၀ | ၂၀၀,၀၀၀ | ၁၀,၀၀၀ | ၂၁၀,၀၀၀ | |
| ၁၀၀ | ၃,၀၀၀ | ၃၀၀,၀၀၀ | ၁၅,၀၀၀ | ၃၁၅,၀၀၀ | |
| ၅၀၀ | ၁,၀၀၀ | ၅၀၀,၀၀၀ | ၂၅,၀၀၀ | ၅၂၅,၀၀၀ | |
| ၁၀၀၀ | ၈၀၀ | ၈၀၀,၀၀၀ | ၄၀,၀၀၀ | ၈၄၀,၀၀၀ | |
| ၂၀၀၀ | ၆၀၀ | ၁,၂၀၀,၀၀၀ | ၆၀,၀၀၀ | ၁,၂၆၀,၀၀၀ | |
| ၁၀၀၀၀ | ၄၀၀ | ၄,၀၀၀,၀၀၀ | ၂၀၀,၀၀၀ | ၄,၂၀၀,၀၀၀ | |

## အပိုင်း(၄): ကျသင့်ငွေပေးဆောင်ခြင်း

- လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးပါက ကျသင့်ငွေ ပေးချေရန် လုပ်ငန်း၏ ငွေစာရင်းကိစ္စအားဆက်သွယ်ရန် ပုဂ္ဂိုလ်ထံသို့ ငွေတောင်းခံလွှာ ပေးပို့ပါမည်။
- ငွေပေးချေမှုပြုလုပ်ရန်အတွက် ကျသင့်ငွေအား **AYA၊ CB နှင့် KBZ ဘဏ်များ၊ AYA Pay ၊ KBZ Pay** တို့ဖြင့်ပေးဆောင်နိုင်သည်။
- ငွေလွှဲရမည့် ပုံစံ နှင့် အချက်အလက်တို့အား ငွေတောင်းခံလွှာတွင် အသေးစိတ်ဖော်ပြပေးထားပါမည်။

မှတ်ချက်။ ။ကျသင့်ငွေပေးဆောင်ပြီးပါက ပေးသွင်းငွေများအား ပြန်လည်ထုတ်ယူ၍ မရပါသောကြောင့် သေချာစွာစိစစ်ပြီးမှ မိမိလျှောက်ထားလိုသည့် ဝန်ဆောင်မှုအား ရွေးချယ်ပါရန် ကြိုတင်အသိပေးအပ်ပါသည်။
**အသင်းအနေဖြင့် တခြားသောလူပုဂ္ဂိုလ်အမည် ဘဏ်အကောင့်များ အသုံးပြုခြင်း (လုံးဝ) မရှိပါ။**

## အပိုင်း(၅): အတည်ပြုလက်မှတ်ရေးထိုးလျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ တို့သည် အောက်ဖော်ပြပါအချက်များကို နားလည်သဘောပေါက်၍ အတည်ပြုလက်မှတ်ရေးထိုးပြီး GS1 Myanmar ၌ Product Data Uploading Service အားလျှောက်ထားပါသည်။

- GS1 Activate System သို့ တင်သွင်းရန် ပေးပို့မည့် ကုန်ပစ္စည်းအချက်အလက်များမှာ မှန်ကန်ပြီး ပြည့်စုံသော အချက်အလက်များဖြစ်ပြီး၊ အသုံးပြုခွင့်အာဏာရှိပါသည်။
- ထိုဒေတာများအား အသုံးပြုရန် တရားဝင်ပိုင်ဆိုင်ခွင့်ရှိပြီး၊ တခြားသူတစ်ဦးတစ်ယောက်၏ မူပိုင်ခွင့်များကို ချိုးဖောက်မှု မရှိပါ။
- ထိုဒေတာများအား လုပ်ငန်းကိုယ်စား GS1 Myanmar မှ GS1 Activate System သို့တင်သွင်းရန်လွှဲအပ်ပါသည်။
- လုပ်ငန်းမှ မှားယွင်းစွာပေးပို့သည့်အချက်အလက်များကြောင့် GS1 Activate သို့ တင်သွင်းသည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အကျိုးဆက်တစ်စုံတစ်ရာပေါ်ပေါက်လာပါက ကျွန်တော်/ကျွန်မ တို့လုပ်ငန်းမှ တာဝန်ယူပါသည်။

- လုပ်ငန်းမှပေးပို့သည့် အချက်အလက်များ မပြည့်စုံမှု၊ မမှန်ကန်မှု များကြောင့် ဖြစ်လာမည့် မည်သည့်အကျိုးဆက်အတွက်မဆို GS1 Myanmar ၌တာဝန်မရှိကြောင်းနားလည်ပါသည်။
- GS1 Activate တွင်ထည့်သွင်းထားသည့် ကုန်ပစ္စည်းအချက်အလက်များကို သတ်မှတ်ရက်အတွင်း စစ်ဆေးပြီး အတည်ပြုပေးပါမည်။
- GS1 Activate တွင်ထည့်သွင်းထားသည့် ကုန်ပစ္စည်းအချက်အလက်များ ပြည့်စုံပြီး GTIN နံပါတ်များသတ်မှတ်ပြီးပါက ဝန်ဆောင်မှုပြီးစီးသည်ဟု သတ်မှတ်ကြောင်း သဘောတူပါသည်။
- GS1 Myanmar ၏ မူဝါဒအတိုင်း ပေးပို့သည့် ကုန်ပစ္စည်းအချက်အလက်များအား ထိန်းသိမ်းခြင်း၊ တခြား GS1 အဖွဲ့ဝင်နိုင်ငံများ နှင့် ပြည်တွင်းပြည်ပ third parties များသို့ မျှဝေခွင့်ရှိသည်တို့ကို ပြုလုပ်နိုင်သည်ကို နားလည်ပါသည်။
- လက်ရှိသတ်မှတ်ထားသည့် Product Data Uploading Service စည်းကမ်းသတ်မှတ်ချက်များ၊ နောင်တွင် ပြင်ဆင်မည့် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းသဘောတူပါသည်။

Company Seal

လက်မှတ် ____________________________

အမည် ____________________________

ရာထူး ____________________________

ရက်စွဲ ____________________________

## ကုန်ပစ္စည်း အချက်အလက်များ တင်သွင်းပေးခြင်း ဝန်ဆောင်မှု (Product Data Uploading Service) အသုံးပြုခြင်းနှင့် သက်ဆိုင်သည့်စည်းမျဉ်းစည်းကမ်းများ

ဤစည်းကမ်းသတ်မှတ်ချက်များသည် GS1 Myanmar မှ အသင်းဝင်များအား ပေးအပ်သည့် ကုန်ပစ္စည်း အချက်အလက်များ တင်သွင်းပေးခြင်း ဝန်ဆောင်မှု (Product Data Uploading Service) အသုံးပြုခြင်းနှင့် သက်ဆိုင်သည့်စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤဝန်ဆောင်မှုကို အသုံးပြုခြင်း ဖြင့် အသင်းဝင်များသည် အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို လက်ခံကျင့်သုံးရန် သဘောတူကြောင်း အတည်ပြုရမည်ဖြစ်သည်။ GS1 Myanmar သည် အသင်းဝင်များ ကိုယ်စား GS1 Activate System တွင် ကုန်ပစ္စည်းအချက်အလက်များ တင်သွင်းခြင်းနှင့် Global Tade Item Numbers (GTINs) ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သော အထောက်အကူပြုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ယခုဝန်ဆောင်မှုတွင် အောက်ပါ သတ်မှတ်ချက်များပါဝင်သည်။

**ဝန်ဆောင်မှုအပ်နှံသူအသင်းဝင်၏တာဝန်များ**

- ဝန်ဆောင်မှုစတင်အပ်နှံသည့် နေ့ရက် (GMM-009-07/2025 ပုံစံအား အသင်းရုံးမှ စတင်လက်ခံသည့် နေ့ရက်) မှစ၍ အသင်းဝင်သည် ဝန်ဆောင်မှုဆောင်ရွက်ရန်ရွေးချယ်ထားသော GTINs အရေအတွက်နှင့် အညီ ကုန်ပစ္စည်းအချက်အလက်များကို တိကျပြည့်စုံစွာ ပြင်ဆင်၍ GS1 Myanmar သို့ အစိုးရရုံးပိတ်ရက်များအပါအဝင် ရက်ပေါင်း (၃၀) အတွင်းပေးပို့ရမည်။
- GS1 Myanmar သို့ ကုန်ပစ္စည်းအချက်အလက်များ ပေးပို့သူသည် ပေးပို့သော ကုန်ပစ္စည်း အချက်အလက်များအား အသုံးပြုရန်နှင့် GS1 Activate System သို့ Upload တင်ရန် အခွင့်အာဏာ ရှိသူ ဖြစ်ရမည်။ (မူပိုင်ခွင့်ရှိသော သို့မဟုတ် ခွင့်မပြုထားသော အချက်အလက်များ မပါဝင်ရ)
- GS1 Activate တွင်ထည့်သွင်းထားသော ကုန်ပစ္စည်းအချက်အလက်များ တိကျမှန်ကုန်မှုရှိ/ မရှိအား ပြန်လည်ကြည့်ရှုသည့်ကာလအတွင်း (Draft Status အနေအထားတွင်) စစ်ဆေးရန်တာဝန်ရှိသည်။
- ထည့်သွင်းထားသော ကုန်ပစ္စည်းအချက်အလက်များ နှင့်ပတ်သက်၍ ပြောင်းလဲမှု သို့မဟုတ် ပြင်ဆင်ချက်များရှိပါက GS1 Myanmar သို့ Product Data File ပေးပို့ပြီး အလုပ်လုပ်ရက် (၃) ရက်အတွင်း အကြောင်းကြားရန် လိုအပ်သည်။

**Data များကိုစစ်ဆေးခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

- အသင်းဝင်အနေဖြင့် GS1 Activate တွင် ထည့်သွင်းပြီးသောကုန်ပစ္စည်းအချက်အလက်များကို စိစစ် အတည်ပြုပေးနိုင်ရန်အတွက် GS1 Myanmar မှ အသင်းဝင်ထံသို့ Email (သို့မဟုတ်) စာဖြင့် ပေးပို့ အကြောင်းကြားမည်ဖြစ်ပြီး၊ အကြောင်းကြားသည့် နေ့ရက်မှစ၍ အစိုးရရုံးပိတ်ရက်များအပါ ရက်ပေါင်း (၁၄) တိတိသတ်မှတ်ပေးမည် ဖြစ်သည်။
- သတ်မှတ်အချိန်ကာလအတွင်း မှတ်ချက်တစုံတခုမရှိပါက ကုန်ပစ္စည်းအချက်အလက်များအား မှန်ကန်ကြောင်း အတည်ပြုပြီး၊ ဝန်ဆောင်မှုပြီးဆုံးခြင်း ပုံစံ GMM-010-07/2025 အား အလုပ်လုပ်ရက် (၃) ရက်အတွင်း လက်မှတ်ရေးထိုးပေးပို့ရမည်။

- ဝန်ဆောင်မှုပြီးဆုံးခြင်းပုံစံအား သတ်မှတ်ရက်အတွင်း ပေးပို့ရန်ပျက်ကွက်ပါက ဝန်ဆောင်မှုပြီးဆုံး ကြောင်း အလိုအလျောက်မှတ်ယူမည်ဖြစ်သည်။

**အသိဉာဏပစ္စည်းပိုင်ဆိုင်မှု**

- ကုန်ပစ္စည်းအချက်အလက်အားလုံးသည် အသင်းဝင်၏ အသိဉာဏပစ္စည်းပိုင်ဆိုင်မှုသာ ဖြစ်သည်။

**ကုန်ပစ္စည်းအချက်အလက်လျှို့ဝှက်ခြင်းဆိုင်ရာ သတ်မှတ်ချက်**

- GS1 Myanmar အနေဖြင့် အသင်းဝင်၏ ကုန်ပစ္စည်းအချက်အလက်များကို အတည်ပြုရေး အတွက်သာ အဓိကသိမ်းဆည်း၍ အသုံးပြုနိုင်သည့်အပြင်၊ GS1 အဖွဲ့ဝင်နိုင်ငံအချင်းချင်း (သို့မဟုတ်) ပြင်ပတွင်းပြည်ပမှ တတိယပါတီများနှင့် မျှဝေနိုင်သည်။

**ကန့်သတ်ချက်များနှင့် တာဝန်ယူမှု**

- အသင်းဝင်မှ ပေးပို့သည့် ကုန်ပစ္စည်းအချက်အလက်များ မှားယွင်းစွာဖော်ပြထားမှုအတွက် GS1 Myanmar မှ တာဝန်ယူမည်မဟုတ်ပါ။
- မှားယွင်းသော (သို့မဟုတ်) မပြည့်စုံသော ကုန်ပစ္စည်းအချက်အလက်များ တင်သွင်းမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ ထိခိုက်မှု၊ နှောင့်နှေးမှုများအတွက် GS1 Myanmar တွင်တာဝန်မရှိပါ။
- GS1 Myanmar မှပေးသည့် Product Data Uploading ဝန်ဆောင်မှုအတွက် တာဝန်ယူမှုမှာ သတ်မှတ်ထားသည့် ကုန်စ္စည်းအရေအတွက်အချက်အလက်များအား GS1 Activate System သို့ထည့်သွင်းပြီး၊ ကုန်ပစ္စည်းများအတွက် GTINs နံပါတ်များရရှိပြီးသည်နှင့် ပြီးဆုံးပြီဖြစ်သည်။
- ဤဝန်ဆောင်မှုအတွက် အသင်းဝင်မှ ရွေးချယ်ထားသော GTINs အရေအတွက်အတိုင်း ကုန်ပစ္စည်းအချက်အလက်များကို ဝန်ဆောင်မှုစတင်အပ်နှံသည့်နေ့ရက်မှစ၍ အစိုးရရုံးပိတ်ရက်များအပါ ရက်ပေါင်း (၃၀) အတွင်း အပြီးသတ်ပေးပို့ရမည်ဖြစ်ပြီး၊ သတ်မှတ်ကာလကျော်လွန်၍ ပေးပို့လာသည့် ကုန်ပစ္စည်းအချက်အလက်များကို GS1 Myanmar မှ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

**ဝန်ဆောင်မှုရပ်ဆိုင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

**အသင်းဝင်ဘက်မှရပ်ဆိုင်းခြင်း**

- အသင်းဝင်သည် ရယူထားသည့်ဝန်ဆောင်မှုအားရပ်ဆိုင်းရန်အတွက် (၇) ရက်ကြိုတင်၍ GS1 Myanmar သို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။ ထို့သို့ရပ်ဆိုင်းမှုအတွက် ကြိုတင်ပေးချေ ခဲ့သော ဝန်ဆောင်ခ များအားပြန်လည်ပေးအပ်မည်မဟုတ်ပါ။

**GS1 Myanmar မှရပ်ဆိုင်းခြင်း**

အောက်ပါအခြေအနေများဖြစ်ပေါ်လာပါက GS1 Myanmar အနေဖြင့် ဝန်ဆောင်မှုအား ကြိုတင်အသိပေးမှု မရှိဘဲ ချက်ချင်းရပ်ဆိုင်းနိုင်သည်။

- အသင်းဝင်မှ သဘောတူညီချက်အတိုင်းလိုက်နာမှုများမပြုလုပ်နိုင်ခြင်း၊
- ပေးအပ်သော ကုန်ပစ္စည်းအချက်အလက်များမှာ တခြားသူများ၏ ပိုင်ဆိုင်မှု အချက်အလက်များ ဖြစ်နေခြင်း (သို့မဟုတ်) GS1 Activate system တွင် တခြားလုပ်ငန်းမှထည့်သွင်းပြီးသော အချက်အလက်များအဖြစ် ပေါ်ပေါက်နေခြင်းကို စစ်ဆေးတွေ့ရှိခဲ့လျှင်၊

- ကုန်စွည်းများသည် မိမိတို့လုပ်ငန်းမှ ထုတ်လုပ်ထားသည့် ပစ္စည်းများ မဟုတ်ခြင်း၊

**ရပ်ဆိုင်းပြီးသည့်နောက် အကျိုးသက်ရောက်မှုများ**

- အသင်းဝင်အနေဖြင့် GS1 Myanmar မှပေးထားသည့် ဝန်ဆောင်မှုအား ဆက်လက်ရယူနိုင်မည် မဟုတ်ပါ။
- GS1 Myanmar သည် အသင်းဝင်မှ ပေးပို့ထားသည့် ကုန်ပစ္စည်းအချက်လက်များ နှင့် ထည့်သွင်းထားသည့် ဒေတာများကို ထိန်းသိမ်းထားနိုင်သည် (သို့မဟုတ်) ဖျက်ပစ်နိုင်သည်။

**ရပ်ဆိုင်းပြီးနောက် တာဝန်မရှိခြင်း**

- ဝန်ဆောင်မှုရပ်ဆိုင်းပြီးသည့်နောက် အသင်းဝင်ကြောင့် ဖြစ်ပေါ်လာသော တန်းဖိုးဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှု စရိတ်များအတွက် GS1 Myanmar မှတာဝန်ယူမည်မဟုတ်ပါ။

**ပြင်ဆင်ခြင်း**

- GS1 Myanmar အနေဖြင့် ဤစည်းကမ်းသတ်မှတ်ချက်များကို မည်သည့်အချိန်တွင်မဆို ပြင်ဆင်မွမ်းမံ နိုင်သည်။ ပြင်ဆင်ချက်များကို အသင်းဝင်ထံအကြောင်းကြားအသိပေးပါမည်။ အသင်းဝင်မှဝန်ဆောင်မှု ကိုဆက်လက်အသုံးပြုခြင်းသည် ပြင်ဆင်ထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုပါ လက်ခံကြောင်း ဖော်ပြခြင်းဖြစ်သည်။